# COVID-19 ကာလအရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်ရေးနှင့်တုံ့ပြန်ဆောင်ရွက်ရေးစီမံချက် ရေးဆွဲမှုနှင့် စပ်လျဉ်း၍ IFC ၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအတွက် ကြားကာလအကြံညာဏ်များ

## ရည်ရွယ်ချက်

ဤအကြံပြုစာတမ်းသည် COVID-19 နှင့်စပ်လျဉ်းသည့်အန္တရာယ်များအတွက် အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး စီမံချက်များ (COVID-19 EPRP) ရေးဆွဲပြုစုနိုင်ရန်အတွက် IFC၏ ထောက်ပံ့ဝန်ဆောင်မှုများကိုရယူထားသူများအတွက် အခြေခံကျသောအကြံညာဏ်များနှင့် သတင်းအရင်းအမြစ်ပေးအပ်ရန်ရည်ရွယ်သည်။ ဤသို့ဖြင့် IFC၏ ထောက်ပံ့ဝန်ဆောင်မှုများကိုရယူထားသူများသည် ယင်းတို့၏လုပ်သားများ၊ လုပ်ငန်းဆောင်ရွက်မှုများ၊ ရပ်ရွာလူထုများနှင့် အခြားသောစီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများအပေါ်သို့ ကျရောက်မည့်အန္တရာယ်များကို တားဆီးကာကွယ် လျှော့ချ ရန်နှင့် စီးပွားရေးလုပ်ငန်းများ ဆက်လက်ထိန်းသိမ်းဆောင်ရွက်နိုင်ရန် စီမံချက်များကို သက်ဆိုင်ရာ သင့်တော်သည့် တတိယပုဂ္ဂိုလ်အဖွဲ့အစည်းများနှင့် လက်တွဲ ၍ ပြင်ဆင်ရေးဆွဲနိုင်မည်ဖြစ်သည်။

ဤအကြံပြုစာတမ်းသည် ပြည့်စုံလုံလောက်သောစာတမ်းမဟုတ်ပါ။ လက်ရှိ COVID-19 အကြပ်အတည်းကာလတွင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်စရာများအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် အကြံညာဏ်များအစား ယေဘုယျအကြံညာဏ်များကိုသာ ဖော်ပြထားပါသည်။ ထိခိုက်ဆုံးရှုံးနိုင်ခြေမြင့်မားသော ကဏ္ဍများတွင် လုပ်ကိုင်ဆောင်ရွက်နေသည့် ကုမ္ပဏီများသည် သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ထုံးလုပ်နည်းများနှင့် စံနှုန်းများကိုလည်း ကိုးကားသင့်သည်။

လျှင်မြန်စွာပြောင်းလဲနေသော အခြေအနေများအရ IFC ၏ ထောက်ပံ့ဝန်ဆောင်မှုများကိုရယူထားသူများသည် ဥပဒေအခင်းအကျင်း အပြောင်းအလဲကို မပြတ်သိရှိသင့်ပြီး COVID-19 နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဒေသ၊ ပြည်နယ်နှင့်တိုင်း၊ ပြည်ထောင်စုအဆင့်နှင့် အပြည်ပြည်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများထံမှ နောက်ဆုံးရသတင်းအချက်အလက်များ၊ အကြံပြုချက်များနှင့် စည်းမျဉ်းစည်းကမ်းများကိုလည်း လိုက်နာဆောင်ရွက်သင့်သည်။ ဤအကြံပြုစာတမ်းအတွက် ကိုးကားထားသည့် သတင်းအရင်းအမြစ်နှင့်နောက်ထပ်သတင်းအချက်အလက်များကို နောက်ဆက်တွဲ-၁ တွင်ပြုစုဖော်ပြထားပါသည်။

## ကနဦးအဆင့်များ

COVID-19 ဆိုင်ရာ အရေးပေါ်အခြေအနေကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးစီမံရေးဆွဲမှုနှင့်စပ်လျဉ်းသည့် မည်သည့်လုပ်ဆောင်ချက်မျှ မဆောင်ရွက်မီ၊ ကုမ္ပဏီများသည် အောက်ပါ ကနဦး အဆင့် (၃) ဆင့်ကို စဉ်းစားသင့်သည် -

### ၁) လုပ်သားများ၏ကျန်းမာရေးနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ၊ လက်တွေ့ကျကြပြီး အရေးကြီးသည့်အကြံညာဏ်များနှင့် ရနိုင်သည့် အရင်း အမြစ်များကို ပြန်လည်သုံးသပ်ပါ။

COVID-19 အခြေအနေတွင် လုပ်သားများအပေါ် ခေါင်းဆောင်မှုပေးခြင်း၊ ကျန်းမာရေးအန္တရာယ်များကို စီမံခန့်ခွဲခြင်းနှင့် လုပ်သားများအား ကူညီထောက်ပံ့ခြင်းတို့နှင့်စပ်လျဉ်းသည့် (အောက်တွင်ဖော်ပြထားသော) IFC ၏ ကြားကာလအကြံညာဏ်များအပေါ် သုံးသပ်ပါ။ ထိုသို့သုံးသပ်ခြင်းသည် နောက်ပိုင်းအဆင့်များအတွက် အရေးပါသော နောက်ခံ သတင်းအချက်အလက်များ ရရှိစေမည်ဖြစ်သည်။

- လုပ်ငန်းခွင်တွင် COVID-19 ဆိုင်ရာ ကျန်းမာရေးအန္တရာယ် တားဆီးကာကွယ်ခြင်းနှင့် စီမံခန့်ခွဲခြင်း တို့နှင့်စပ်လျဉ်း၍ IFC ၏ ထောက်ပံ့ဝန်ဆောင်မှုများကိုရယူထားသူများအတွက် ကြားကာလအကြံညာဏ်များ
- COVID-19 အခြေအနေတွင် လုပ်သားများအား ကူညီထောက်ပံ့ခြင်းနှင့်စပ်လျဉ်း၍ IFC ၏ထောက်ပံ့ဝန်ဆောင်မှုများကိုရယူထားသူများအတွက် ကြားကာလအကြံညာဏ်များ
- COVID-19 ကမ္ဘာ့ကပ်ရောဂါ ရင်ဆိုင်ကျော်လွှားစဉ် ကုမ္ပဏီခေါင်းဆောင်ပိုင်းအနေနှင့် အကျပ်အတည်းတုံ့ပြန်ဖြေရှင်းနိုင်ရေး အကြံညာဏ်စာတမ်း။

အထက်ပါအကြံညာဏ်စာတမ်းများကို www.ifc.org/sustainabilitypublications တွင် ရရှိနိုင်သည်။



International Finance Corporation WORLD BANK GROUP

*Creating Markets, Creating Opportunities*

## ၂) လက်ရှိစီမံချက်များကို ပြန်လည်သုံးသပ်ပါ။

သင်၏ စီးပွားရေး ဆက်လက်လည်ပတ်ရေးနှင့် ဘေးအန္တရာယ်မှ ပြန်လည်နာလန်ထလာနိုင်ရေးအတွက် လက်ရှိ စီမံချက် သို့မဟုတ် ကုမ္ပဏီက ရေးဆွဲထားသော အခြား အလားတူစီမံချက်တစ်ရပ်ရပ်ကို ပြန်လည်သုံးသပ်ပါ။ ထိုစီမံချက်များသည် လုံလောက်မှုရှိသည်ဆိုပါက ကူးစက်ရောဂါ ပျံ့နှံ့ဖြစ်ပွားနိုင်ခြေအပါအဝင် အဖွဲ့အစည်း၏စီးပွားရေးလုပ်ငန်းကို ဟန့်တားနှောင့်ယှက်နိုင်သည့်ကိစ္စများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် အရေးပေါ်အစီအစဉ်အမျိုးမျိုး ပါရှိသင့်သည်။ လက်ရှိ စီမံချက်များသည် လက်ရှိဖြစ်ပေါ်နေသော ကမ္ဘာ့ကပ်ရောဂါအခြေအနေများကို ကာမိလျှင်၊ ထိုစီမံချက်တွင် လိုအပ်သည့် ကြီးကြပ် ထိန်းချုပ်မှုနှင့် လိုက်လျောညီထွေ စီမံဆောင်ရွက်မှုများ ပါဝင်ကြောင်း သေချာအောင် ပြုလုပ်ပါ။

## ၃) အရေးပါသော စီးပွားရေးလုပ်ငန်းရပ်များကို ဦးစားပေးသတ်မှတ်ပါ။

သင့်စီးပွားရေးလုပ်ငန်းစဉ်များကို ဆန်းစစ်၍ မည်သည့်အပိုင်းများက အင်အားနည်းထိခိုက်လွယ်ကြောင်းသတ်မှတ်ပါ။ မှီခိုအားထားမှုပြုနေရသည်များကို ဖော်ထုတ်ပါ။ ထိုလုပ်ငန်းစဉ်များရပ်တန့်သွားလျှင် ဖြစ်လာနိုင်သည်သက်ရောက်မှုနှင့် အဟန့်အတားဖြစ်မှုအတိုင်းအတာကို ခန့်မှန်းတွက်ချက်ပါ။ ထိုအရေးပါသော လုပ်ငန်းစဉ်များအား နာရီများစွာ သို့မဟုတ် သီတင်းပတ်ပေါင်းများစွာ သို့မဟုတ် ထို့ထက်ပိုမိုကြာရှည်သည့် ကာလအတိုင်းအတာအတွင်း ဆောင်ရွက်နိုင်ခြင်း မရှိ လျှင် သင့်စီးပွားရေးလုပ်ငန်းကို မည်သို့ လိုက်လျောညီထွေ လုပ်ကိုင်ဆောင်ရွက်နိုင်မည်ကို စဉ်းစားပါ။

သင့်ကုမ္ပဏီမှ ဖြန့်ဝေနေသော အဓိကထုတ်ကုန်များ၊ ဝန်ဆောင်မှုများနှင့် သင့်ကုမ္ပဏီနှင့် ရောင်းဝယ်ဖောက်ကားသူများ သို့မဟုတ် သင့်ကုမ္ပဏီ၏ ထောက်ပံ့ဝန်ဆောင်မှုရယူထားသူများအား ဖော်ထုတ်သတ်မှတ်ခြင်းကို စတင်ပါ။ ဤသတင်းအချက်အလက်များသည် သင့်စီးပွားရေးလုပ်ငန်း၏ တန်ဖိုးအကြီးဆုံး ပိုင်ဆိုင်မှုများ၊ လုပ်ငန်းရပ်များနှင့် ဆက်ဆံရေးများနှင့်စပ်လျဉ်းသည့် စီမံချက်၏ အစိတ်အပိုင်းများကို ဦးစားပေးသတ်မှတ်ဆောင်ရွက်ရာ၌ အထောက်အကူပြုမည်ဖြစ်သည်။

## COVID-19 ကာလ အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးစီမံချက်တစ်ရပ်အတွက် အကြံပြု ချဉ်းကပ်နည်း

အထက်ပါ ကနဦးအဆင့်များဆောင်ရွက်ပြီးနောက်တွင် ကုမ္ပဏီသည် COVID-19 ဆိုင်ရာ အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး စီမံချက်ကို အောက်ပါအခြေခံကျသော လုပ်ငန်းရပ်အဆင့်ဆင့်ဖြင့် စီမံရေးဆွဲရန် ရွေးချယ်နိုင်သည် -

- **လုပ်ငန်းတာဝန် ၁။ COVID-19ဆိုင်ရာ အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးရည်ရွယ်ချက်၊ ဆောင်ရွက်မည့် အတိုင်းအတာနှင့် ကန့်သတ်ချက်များကို သတ်မှတ်ခြင်း၊**
- **လုပ်ငန်းတာဝန် ၂။ COVID-19 အကျပ်အတည်းစီမံခန့်ခွဲမှုအဖွဲ့၏ အခန်းကဏ္ဍနှင့် တာဝန်များ သတ်မှတ်ပေးခြင်း၊**
- **လုပ်ငန်းတာဝန် ၃။ လုပ်သားများ လုပ်ငန်းလည်ပတ်မှု၊ ပစ္စည်း/ဝန်ဆောင်မှု ပေးသွင်းမှုကွင်းဆက်နှင့် ရပ်ရွာလူထုအပေါ် သက်ရောက်နိုင်သည့် COVID-19 နှင့် ဆက်စပ်အန္တရာယ်များ ဖော်ထုတ်သတ်မှတ်ခြင်းနှင့် ဆန်းစစ်ခြင်း၊**
- **လုပ်ငန်းတာဝန် ၄။ ကြီးကြပ်ထိန်းချုပ်မှုများ၊ အရင်းအမြစ်များနှင့် အရေးပေါ်အခြေအနေ တုံ့ပြန် ဆောင်ရွက်ရေးကိစ္စများ သတ်မှတ်ခြင်း၊**

COVID-19 အရေးပေါ်အခြေအနေများ ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးစီမံချက် (COVID-19 EPRP) တစ်ရပ်ရေးဆွဲပြီးစီးရန် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များအကျဉ်းချုပ်ကို အောက်တွင် အကြံပြုဖော်ပြထားသည်။ COVID-19 အခြေအနေသည် အပြောင်းအလဲရှိရာ ဤအရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်မှု လုပ်ဆောင်ချက်များအပေါ် ပုံမှန်သုံးသပ်၍ ပြောင်းလဲနေသည့် အခြေအနေများနှင့် ကိုက်ညီအောင် လိုအပ်သလို မွမ်းမံပြင်ဆင်သင့်သည်။

## လုပ်ငန်းတာဝန် ၁။ COVID-19 ဆိုင်ရာ အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ရည်ရွယ်ချက်၊ ဆောင်ရွက်မည့် အတိုင်းအတာနှင့် ကန့်သတ်ချက်များကို သတ်မှတ်ခြင်း

COVID-19 အရေးပေါ်အခြေအနေများ ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးစီမံချက် (COVID-19 EPRP) ၏ ရည်ရွယ်ချက်များကို ဖော်ပြပါ။ ထိုစီမံချက်တွင် မည်သည့်အကြောင်းအရာများ ပါဝင်သင့်ကြောင်း ရှင်းရှင်းလင်းလင်းဖော်ပြရန်ဖြစ်သည်။ ထိုစီမံချက်သည် လူပုဂ္ဂိုလ်များ၏ ဘေးအန္တရာယ် ကင်းရှင်းမှုကို အမြဲရှေ့တန်းတင်၍ လုပ်သားများနှင့် ရပ်ရွာလူထု၏ ကျန်းမာရေးနှင့် သာယာဝပြောရေးတို့ကို ကျယ်ကျယ်ပြန့်ပြန့် ဦးစားပေးသတ်မှတ်လျက်၊ တားဆီးကာကွယ်ရေး၊ ထိခိုက်မှုလျှော့ချရေး၊ ကြိုတင်ပြင်ဆင်ရေး၊ တုံ့ပြန်ဆောင်ရွက်ရေး၊ စီးပွားရေးလုပ်ငန်း ဆက်လက် လည်ပတ်နိုင်ရေးနှင့် ပြန်လည်နာလန်ထရေးတို့ကို စီမံဆောင်ရွက်မည့်အကြောင်း ဖော်ပြရန် လိုအပ်သည်။

အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးစီမံချက် ဆောင်ရွက်မည့် အတိုင်းအတာကို ရှင်းလင်းစွာ ဖော်ပြပါ။ ဥပမာ - ထိုစီမံချက်သည် လုပ်ငန်းတစ်ခု သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းကြီးတစ်ခုလုံး သို့မဟုတ် နယ်မြေတစ်ခုအတွင်းရှိ ကုမ္ပဏီ၏ပိုင်ဆိုင်မှုများကို လွှမ်းခြုံရန် ရည်ရွယ်နိုင်သည်။

COVID-19 နှင့်စပ်လျဉ်း၍ အစိုးရအာဏာပိုင်များ ထုတ်ပြန်သည့် အဓိကကျသော စည်းမျဉ်းစည်းကမ်းများပါရှိသည့် အခြေခံစာရင်းတစ်စောင်[၁]ကိုလည်း ထည့်သွင်းပါ။ ထိုစာရင်းတွင် ဖော်ပြပါ စည်းမျဉ်းစည်းကမ်းများ ကျင့်သုံးမည့် အတိုင်းအတာအသေးစိတ်နှင့် ကုမ္ပဏီအတွက် တာဝန်ဝတ္တရားများကိုလည်း အသေးစိတ် ဖော်ပြပါ။

အာဏာပိုင်အဖွဲ့အစည်းများ၊ဒေသခံ စီမံရေးဆွဲသူများနှင့် ပူးပေါင်းဆောင်ရွက်ပါ။ သို့မှသာ သင်၏ လုပ်ငန်းလည်ပတ်မှုနှင့် သင့်လုပ်သားများ၏ ဘေးအန္တရာယ်ကင်းရှင်းမှုကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန် အထောက်အကူပြုမည့် သတင်းအရင်းအမြစ်များနှင့် သတင်းအချက်အလက်များကို ဆောလျင်စွာ ရရှိနိုင်မည်ဖြစ်သည်။

## လုပ်ငန်းတာဝန် ၂။ COVID-19 အကျပ်အတည်းစီမံခန့်ခွဲမှုအဖွဲ့၏ အခန်းကဏ္ဍနှင့် တာဝန်များ သတ်မှတ်ပေးခြင်း

အကြပ်အတည်းစီမံခန့်ခွဲမှုအဖွဲ့တွင် ခန့်အပ်တာဝန်ပေးခံရမည့်ပုဂ္ဂိုလ်များ စာရင်းအသေးစိတ်တစ်စောင်ကို ပါဝင်သူတစ်ဦးချင်းစီ၏ အခန်းကဏ္ဍများပါ ဖော်ပြလျက် ရေးဆွဲပြုစုပါ။ ထိုစာရင်းတွင် ဆက်သွယ်ရမည့် လိပ်စာနှင့် သတင်းအချက်အလက်အားလုံး ပါဝင်ရမည်။ အောက်ပါ "COVID-19 အရေးပေါ်အခြေအနေများ ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး စီမံချက်တစ်ရပ် တွင် ပါရှိသည့် အခန်းကဏ္ဍနှင့် တာဝန်များနှင့်ပတ်သက်၍ အကြံပြုစာရင်း"ကို ကြည့်ပါ။

COVID-19 အရေးပေါ်အခြေအနေများ ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးစီမံချက်ပါ လုပ်ငန်းရပ်အားလုံးနှင့်စပ်လျဉ်း၍ တုံ့ပြန်ဆောင်ရွက်မှုဗျူဟာများ ညွှန်ကြားရန်နှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန် ဆက်သွယ်ဆောင်ရွက်ရမည့် အဓိကပုဂ္ဂိုလ်အပြင်၊ ခေါင်းဆောင်မှုပေးရန် လိုအပ်မည့် နောက်ထပ် ပုဂ္ဂိုလ်အဆင့်ဆင့်တို့ကိုပါ ထည့်စဉ်းစားပါ။ ရွေးချယ်သတ်မှတ်ခံရသော ပုဂ္ဂိုလ်တစ်ဦးချင်းစီသည် စီမံချက်ပါ သက်ဆိုင်ရာ အဓိကလုပ်ငန်းရပ်တစ်ခုစီအလိုက် တာဝန်ရှိမည်ဖြစ်သည်။ ထိုပုဂ္ဂိုလ်များသည် အရေးပေါ်အခြေအနေတွင် တုံ့ပြန်ဆောင်ရွက်မည့် ဗျူဟာများ ကြံဆရန်နှင့် ရေးဆွဲရန် အဖွဲ့အစည်းအတွင်း လိုအပ်သည့် ဆုံးဖြတ်ချက်ချပိုင်ခွင့်များ ရရှိထားသင့်သည်။ စီမံချက်ရေးဆွဲသည့်အဆင့်များတွင် ထိုပုဂ္ဂိုလ်များပါဝင်လာခြင်းအားဖြင့် ပိုမိုအားကောင်းသော၊ ရှင်းလင်းလွယ်ကူသော စီမံချက်တစ်စောင်နှင့် တသမတ်တည်းရှိသော သတင်းစကားတစ်ရပ်ကို ရေးဆွဲပြုစုရာ၌ အထောက်အကူရနိုင်သည်။ ခေါင်းဆောင်ရာထူးနေရာ တစ်ခုစီအလိုက် ဒုခေါင်းဆောင်ကို ရွေးချယ်သတ်မှတ်ပါ။ ထိုဒုခေါင်းဆောင်များ ဝင်ရောက်ဆောင်ရွက်ရန် လိုအပ်သည့်အခြေအနေများကို သတ်မှတ်ပါ။ ဥပမာ - အရေးပါသော ရာထူးနေရာများဖြစ်ကြသည့် ဆက်သွယ်ရေးမန်နေဂျာများ၊ ဆက်ဆံရေးအရာရှိနေရာများတွင်ဖြစ်သည်။

ဖြစ်နိုင်လျှင် အကျပ်အတည်းစီမံခန့်ခွဲမှုအဖွဲ့၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဆေးပညာရှင်များကို ထည့်သွင်းပါ။ ကူးစက်ရောဂါတစ်ရပ်ကို ကိုင်တွယ်ဆောင်ရွက်ရာ၌ ထိုရောဂါနှင့်စပ်လျဉ်း၍ အထူး ကျွမ်းကျင်နှံ့စပ်သူများ၏ အကူအညီများ လိုအပ်နိုင်သောကြောင့် ဖြစ်သည်။ ပြင်ပကျွမ်းကျင်ပုဂ္ဂိုလ်များ (ကန်ထရိုက်တာများ) ကိုလည်း အဖွဲ့၏အစိတ်အပိုင်းတစ်ရပ်အဖြစ် ထည့်သွင်းထားနိုင်သည်။

သတိပြုစရာမှတ်ချက်။ စီမံချက်အကောင်အထည်ဖော်မှုအပိုင်းတွင် အခြားသူများကိုပါ ထည့်ထားနိုင်သော်လည်း အဖွဲ့အစည်းတွင် တာဝန်အရှိဆုံး အကြီးတန်းခေါင်းဆောင်ပိုင်းက တက်တက်ကြွကြွ ပါဝင်ရန် အထူးလိုအပ်သလို ထိုသို့ပါဝင်နေကြောင်းရှုမြင်ခံစေရန်လည်း လိုအပ်ပါသည် - အကြောင်းမှာ စီးပွားရေး လုပ်ငန်းဆိုင်ရာ အရေးပါသော ဆုံးဖြတ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ချမှတ်ရန်ရှိလာသည့်အခါ အသိအမှတ်ပြုထားသော၊ လုပ်ပိုင်ခွင့်ရှိသော ဆုံးဖြတ်ချက်ချမှတ်သူ၏ ဆုံးဖြတ်ချက်နှင့် ထောက်ပံ့အားပေးမှုများ လိုအပ်နိုင်၍ဖြစ်သည်။ ထိုသို့ဆောင်ရွက်ခြင်းသည် ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ ကုမ္ပဏီအတွင်း ကြောက်ရွံ့မှုနှင့် သတင်းအချက်အလက်မှားယွင်းမှုတို့ကို ထိန်းချုပ်နိုင်ရန် အထောက်အကူပြုမည်ဖြစ်သည်။ အသင်းဖွဲ့စည်းမှုဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များအတွက် COVID-19 ကမ္ဘာ့ကပ်ရောဂါ ရင်ဆိုင်ကျော်လွှားစဉ် အကြပ်အတည်းကာလ တုံ့ပြန်ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ကုမ္ပဏီခေါင်းဆောင်ပိုင်းအတွက် အကြံပြုလွှာကို ကိုးကားပါ။

[၁] စည်းမျဉ်းစည်းကမ်းများနှင့် စံနှုန်းများသည် အပြောင်းအလဲမြန်ဆန်နေသောကြောင့် ထိုစာရင်းကို နောက်ဆုံးရအချက်အလက်များနှင့် ပုံမှန် မွမ်းမံသင့်သည်။ ထိုစာရင်းတွင် စည်းမျဉ်းအသစ်များ၊ အဖွဲ့အစည်းဆိုင်ရာနှင့် အစိုးရဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ ကန့်သတ်တားမြစ်မှု များ သို့မဟုတ် COVID-19 ပျံ့နှံ့ဖြစ်ပွားမှု အမှန်အခြေအနေအပေါ် မူတည်သည့် စည်းကမ်းသတ်မှတ်ချက်များ ပါဝင်ကြသည်။

## COVID-19 ကာလ အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးစီမံချက် (COVID-19 EPRP[၂]) တွင် အခန်းကဏ္ဍများနှင့် တာဝန်များဆိုင်ရာ အကြံပြုစာရင်း

- **အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေး ခေါင်းဆောင်**

  ဖော်ပြချက်။ စီးပွားရေးလုပ်ငန်း ဆက်လက်လည်ပတ်နိုင်ရေးနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအပေါ် ဆုံးဖြတ်ခွင့်အာဏာရှိခြင်း၊ ရုတ်တရက် ပေါ်ပေါက်လာသော ကိစ္စရပ်များအပေါ် မြန်မြန်ဆန်ဆန် ဆုံးဖြတ်ချက်များ ချမှတ်ပေးခြင်း၊ လုပ်ငန်းရပ်အလိုက် သို့မဟုတ် နယ်ပယ်အလိုက် ကျွမ်းကျင်သူ များကို သင့်တော်သလို လုပ်ပိုင်ခွင့်များ ချမှတ်ပေးသည့်ကိစ္စများ၊ ကုမ္ပဏီအတွင်းနှင့်အပြင်တွင် ဆက်သွယ်ဆောင်ရွက်ခွင့်များပေးထားခြင်းနှင့် ဘဏ္ဍာရေး နှင့် ငွေကြေးသုံးစွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ခြင်းတို့ အပါအဝင်၊ ကိစ္စရပ်အလုံးစုံအပေါ် ဆုံးဖြတ်ချက်ချမှတ်ရန် တာဝန်ရှိသည့် ကုမ္ပဏီအရာရှိဖြစ်သည်။ ဥပမာ - အမှုဆောင်အရာရှိချုပ်၊ စက်ရုံ/အထွေထွေမန်နေဂျာ၊ လုပ်ငန်းလည်ပတ်ရေးအရာရှိချုပ် သို့မဟုတ် အန္တရာယ် စီမံခန့်ခွဲရေးအရာရှိတို့ ဖြစ်ကြသည်။

- **လုပ်ငန်းနယ်ပယ်အလိုက် ခေါင်းဆောင်များ**

  ဖော်ပြချက်။ ကုမ္ပဏီ၏ အရေးပါသော နယ်ပယ်ဇရိယာအသီးသီးမှ ခေါင်းဆောင်များသည် ဌာနတွင်း ဆက်သွယ်ဆောင်ရွက်မှုများကို စီမံခန့်ခွဲရန် တာဝန်ရှိ၍၊ ဌာနအဆင့် သို့မဟုတ် အဖွဲ့အဆင့် ကြီးကြပ်ထိန်းချုပ်မှုများနှင့် အကောင်အထည်ဖော် ဆောင်ရွက်မှုများအား ပေါင်းစပ်ညှိနှိုင်းခြင်း၊ ကုမ္ပဏီ ဝန်ထမ်းများနှင့် ပြင်ပကန်ထရိုက်တာများနှင့် ဆက်သွယ်ဆောင်ရွက်မှုများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ခြင်း၊ ဖြစ်ပေါ်တိုးတက်မှုများနှင့် ဆက်သွယ်ရေး တိုးတက်မှုအခြေအနေတို့ကို အဖွဲ့ခေါင်းဆောင်များအား ဆက်လက်အသိပေးတင်ပြခြင်းတို့ ဆောင်ရွက်ကြရန်ဖြစ်သည်။ ဥပမာ - စက်ရုံ ကြီးကြပ်ရေးမှူးများ၊ ပတ်ဝန်းကျင် ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးမန်နေဂျာ၊ လူသားအရင်းအမြစ်မန်နေဂျာ၊ လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးမန်နေဂျာတို့ ဖြစ်ကြသည်။

- **အရေးပါသော လုပ်ငန်းလည်ပတ်ရေးဆိုင်ရာ ဝန်ထမ်းများ**

  ဖော်ပြချက်။ အရေးပါသော ဌာနများ - လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေး၊ ဝယ်ယူရေး၊ သိုလှောင်ရုံ၊ ကျန်းမာရေးနှင့် အခြားအရေးပါသော အခန်းကဏ္ဍများအပါအဝင်မှ အရေးပါသော ဝန်ထမ်းများ ဖြစ်ကြသည်။ ယင်းတို့၏လုပ်ငန်းတာဝန်များတွင် ညွှန်ကြားချက်များကို မျက်ခြေမပြတ် သိရှိအောင်ပြုလုပ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း၊ ကြီးကြပ်ထိန်းချုပ်ခြင်းနှင့် ထိခိုက်မှုလျှော့ချခြင်းများ၊ လိုအပ်သည့်ပစ္စည်းများ ဝယ်ယူဖြည့်တင်းခြင်း၊ သိုလှောင်ထားရှိရမည့် အရေးပါသော ပစ္စည်းများကို စောင့်ကြည့်စစ်ဆေးခြင်း၊ ဝန်ထမ်းများ၏ လုပ်ငန်းရပ်များကို ကြီးကြပ်ကွပ်ကဲခြင်း - ဥပမာ - လစာများပေးချေခြင်း၊ ပြုလွယ်ပြောင်းလွယ်ရှိသော အလုပ်နှင့် အိမ်မှနေ၍လုပ်ကိုင်နိုင်သည့်အလုပ်နှင့် အခြားအလားတူ အစီအစဉ်များ သတ်မှတ်ပေးခြင်း အပြင် အဆိုပါကိစ္စရပ်များ ဆောင်ရွက်မှုအခြေအနေကို အထက်လူကြီးများသို့ ပြန်လည်အစီရင်ခံတင်ပြခြင်းတို့ ပါဝင်နိုင်သည်။

## လုပ်ငန်းတာဝန် ၃။ လုပ်သားများ၊ လုပ်ငန်းလည်ပတ်မှု၊ ပစ္စည်း/ဝန်ဆောင်မှု ထောက်ပံ့ ဖြည့်ဆည်းမှုကွင်းဆက်နှင့် ရပ်ရွာလူထုအပေါ် သက်ရောက်နိုင်သည့် COVID-19 နှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများကို ဖော်ထုတ်သတ်မှတ်ခြင်းနှင့် ဆန်းစစ်ခြင်း [၃]

ကုမ္ပဏီသည် COVID-19 ပျံ့နှံ့ဖြစ်ပွားမှုအန္တရာယ်များကို ဖော်ထုတ်သတ်မှတ်သင့်ပြီး ထိုအန္တရာယ်များကြောင့် ကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်မှုများအပေါ် ထိခိုက်ဆုံးရှုံးနိုင်ခြေနှင့် လုပ်သားများ၊ သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံလူထုတို့အပေါ် ကျရောက်နိုင်သောသက်ရောက်မှုများကို အကဲဖြတ်သင့်သည်။

ထိခိုက်ဆုံးရှုံးနိုင်ခြေကို ဖော်ထုတ်သတ်မှတ်သည့် လုပ်ငန်းစဉ်သည် ကုမ္ပဏီ၏ အခြေအနေများနှင့် လိုက်လျောညီထွေ ဆောင်ရွက်ခြင်းဖြစ်သင့်ပြီး၊ ကုမ္ပဏီအတွင်း လုပ်ငန်းနယ်ပယ်အမျိုးမျိုး သို့မဟုတ် ဌာနအမျိုးမျိုးတို့မှ အကြီးတန်း အရာရှိများအကြား အသေးစိတ်ဆွေးနွေးအဖြေရှာမှုများ၊ ယင်းတို့အတွေ့အကြုံများ၊ ဆွေးနွေးမှုများကို အခြေခံ၍ ဖော်ထုတ်ထားသည့် ရိုးရှင်းသော ထိခိုက်ဆုံးရှုံးနိုင်ခြေစာရင်းတစ်စောင် ပါဝင်နိုင်သည်။ အဆိုပါ ထိခိုက်ဆုံးရှုံးနိုင်ခြေ ဖော်ထုတ်သတ်မှတ်သည့်လုပ်ငန်းစဉ်သည် စီးပွားရေးလုပ်ငန်း၏ သဘောသဘာဝနှင့် ရှုပ်ထွေးနက်နဲမှု၊ လက်ရှိအခြေအနေများနှင့် လက်ရှိပိုင်ဆိုင်ထားသည့် အရင်းအမြစ်များအပေါ် မူတည်၍ ပိုမိုစနစ်တကျ ဖွဲ့စည်းပုံဖော်ရသည့် လုပ်ငန်းစဉ်တစ်ရပ်လည်းဖြစ်နိုင်သည်။ ကုမ္ပဏီသည် ပြင်ပအကူအညီများကို လိုအပ်သလို ရယူနိုင်ရန် ရွေးချယ်စရာများလည်း ထားရှိနိုင်သည်။

COVID-19 နှင့် ဆက်စပ်နေသည့် ထိခိုက်ဆုံးရှုံးနိုင်ခြေများကို ဖော်ထုတ်သတ်မှတ်ရန် အကြံပြုမူဘောင်တစ်ရပ်တွင် (၁) ကုမ္ပဏီသို့ သို့မဟုတ် ကုမ္ပဏီကြောင့် ပေါ်ပေါက်လာနိုင်သည့် ထိခိုက်ဆုံးရှုံးနိုင်ခြေများကို ဖော်ထုတ်သတ်မှတ်ရန် အဖွဲ့တစ်ဖွဲ့အား တာဝန်ပေးခြင်း၊ (၂) လုပ်သားများ၏ လုပ်ငန်း ဆောင်ရွက်မှုများကို

---

[၂] အဆိုပါအခန်းကဏ္ဍများသည် ကုမ္ပဏီ၏ အရေးပေါ်အခြေအနေကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အထွေထွေစီမံချက်နှင့် ကွဲပြားနိုင်သည်ကို သိရှိထားပါ။ အကြောင်းမှာ အခြားအခြေအနေများ၊ အရေးပေါ်ဖြစ်ရပ်များကို လွှမ်းခြုံသည့် ကုမ္ပဏီ၏ အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး စီမံချက် တစ် ရပ်နှင့် နှိုင်းယှဉ်လျှင် COVID-19 ကြောင့် ဖြစ်ပွားသည့် အခြေအနေများနှင့် အန္တရာယ်များက တမူထူးခြားမှုရှိသောကြောင့် ယင်းတို့ကို ကွဲပြားသည့်ပုံစံဖြင့် စီမံခန့်ခွဲရန် လိုအပ်နိုင်သောကြောင့် ဖြစ်သည်။

[၃] လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များ ပိုမိုသိရှိနိုင်ရန် COVID-19 ကာလ လုပ်ငန်းခွင် ကျန်းမာရေး အန္တရာယ်များ တားဆီးကာကွယ်ခြင်းနှင့် စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ IFC ၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရရှိထားသူများအတွက် ကြားကာလအကြံဉာဏ်များကို ကြည့်ရှုပါ။

အခြေခံ၍ အန္တရာယ်နှင့် ထိတွေ့နိုင်သည့် အတိုင်းအတာကို ဖော်ထုတ်သတ်မှတ်ခြင်း၊ (၃) COVID-19 ကြောင့် ကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်မှုများအပေါ် မည်သို့ သက်ရောက်နိုင်ကြောင်း အကဲဖြတ်ခြင်း၊ (၄) ကုန်စည်ဝန်ဆောင်မှု ပေးသွင်းမှုများ ပြတ်တောက်သွားနိုင်ခြေရှိပါက COVID-19 အခြေအနေသည် သင့်အား ကုန်စည်ဝန်ဆောင်မှု တိုက်ရိုက်ပေးသွင်းနေသူများအပေါ် မည်သို့ သက်ရောက်မှု ရှိနိုင်သည်ကို ဖော်ထုတ်သတ်မှတ်ခြင်း၊ (၅) အနီးပတ်ဝန်းကျင် ရပ်ရွာလူထု အတွင်းပျံ့နှံ့နေသည့် COVID-19 ဗိုင်းရပ်စ်ရောဂါသည် လုပ်သားများနှင့် ယင်းတို့၏ လုပ်ဆောင်ချက်များ၊ လမ်းများသို့ ဝင်ထွက်သွားလာခြင်းနှင့် သယ်ယူပို့ဆောင်မှုလမ်းကြောင်းများအားလုံးအပေါ် မည်သို့သက်ရောက်နိုင်မည်ကိုဆန်းစစ်ခြင်း နှင့် (၆) ထိခိုက်ဆုံးရှုံးနိုင်ခြေဆန်းစစ်ချက်အပေါ် အခြေခံ၍ ကြီးကြပ်ထိန်းချုပ်မှုများနှင့် တုံ့ပြန်ဆောင်ရွက်မှုများ ချမှတ်မည့် ဦးစားပေးနယ်ပယ်များ ဖော်ထုတ်သတ်မှတ်ခြင်းတို့ ပါဝင်နိုင်သည်။

သက်ရောက်ခံရနိုင်ခြေရှိသည့် အဓိကနယ်ပယ်များအဖြစ်- လုပ်သားများ၊ လုပ်ငန်းလည်ပတ်မှုများ၊ ကုန်စည်/ဝန်ဆောင်မှုပေးသွင်းမှုကွင်းဆက်နှင့် ရပ်ရွာလူထုဟူသည့် အုပ်စု (၄) ခုအပေါ်ကျရောက်မည့်အန္တရာယ်များကို ထည့်စဉ်းစားနိုင်သည်။ ထို့အပြင် အဆိုပါ အဓိကနယ်ပယ် (၄) ခုတွင် ဖော်ထုတ်ထားသည့် အန္တရာယ်အားလုံးသည် ဗိုင်းရပ်စ်ပိုးထိတွေ့ခံရသည့်လုပ်သားများအပေါ် သက်ရောက်မှုရှိမည်ကိုလည်း စဉ်းစားရန်ဖြစ်သည်။

အောက်တွင်ဖော်ပြထားသည့် အချက်အချို့သည် ထိခိုက်ဆုံးရှုံးနိုင်ခြေဖော်ထုတ်သတ်မှတ်ခြင်းလုပ်ငန်းစဉ်တွင် စဉ်းစားရန်ချက်များဖြစ်သည်။ ဤစာရင်းသည် ပြည့်စုံလုံလောက်သောစာရင်းမဟုတ်သေးပါ။ စီးပွားရေးလုပ်ဆောင်ချက်၏ သဘောသဘာဝနှင့် COVID-19 ၏ လက်ရှိအခြေအနေများအပေါ် မူတည်၍ ထည့်စဉ်းစားရမည့် အခြားထိခိုက်ဆုံးရှုံးနိုင်ခြေများလည်းရှိနိုင်သည်။ အောက်တွင်ဖော်ထုတ်ပေးထားသည့် ထိခိုက်ဆုံးရှုံးနိုင်ခြေဆိုင်ရာ အချက်အလက်အချို့ကို အုပ်စုတစ်ခု သို့မဟုတ် သက်ရောက်ခံရမည့် အရေးပါသောနယ်ပယ်တစ်ခုထက်ပို၍ ထည့်သွင်းရန် လိုအပ်နိုင်သည်ကို မှတ်သားထားရန်ဖြစ်သည်။

## လုပ်သားများအတွက် ထိခိုက်ဆုံးရှုံးနိုင်ခြေဆိုင်ရာ အဓိကအချက်များ-

- အနီးကပ်ထိတွေ့နေရသော သို့မဟုတ် ကျဉ်းကြပ်သော အလုံပိတ်နေရာများတွင် လုပ်သားအင်အားအများအပြား ထားရှိကာလုပ်ဆောင်နေခြင်း ၊
- အစည်းအဝေးများနှင့် ကြီးမားသောတွေ့ဆုံပွဲများ၊
- လုပ်သားဆောင်များသို့မဟုတ် သယ်ယူပို့ဆောင်ရေးအစီအစဉ်များ၊
- လူတစ်ဦးနှင့်တစ်ဦး အပြန်အလှန်ဆက်ဆံဆောင်ရွက်ရန် လိုအပ်သည့် သို့မဟုတ် တစ်ဦးနှင့်တစ်ဦး နီးကပ်စွာဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းစဉ်များ၊
- ကုန်စည်/ ဝန်ဆောင်မှုပေးသွင်းသူများ သို့မဟုတ် ဝယ်ယူအားပေးသည့် ဖောက်သည်များနှင့် ထိတွေ့မှုများ၊
- အသက်အရွယ်ကြီးရင့်သူလုပ်သားများ သို့မဟုတ် COVID-19 နှင့်ပတ်သတ်၍ အင်အားနည်းထိခိုက်လွယ်သော လုပ်သားများ၊
- ပြင်ပတွင်ဖြစ်ပွားသည့် ဆန္ဒပြအကြမ်းဖက်မှုများကြောင့် လုပ်သားများ လုပ်ငန်းခွင်သို့ လာရောက်ခြင်းကို နှောင့်နှေးနိုင်ခြင်း သို့မဟုတ် တားဆီးဟန့်တားနိုင်ခြင်း၊
- စိုးရိမ်ပူပန်မှုများကို ထုတ်ဖော်ပြောဆိုသည့် လုပ်သားများအပေါ် လက်တုံ့ပြန်ခြင်း၊ လက်စားချေခြင်း (ဥပမာ- လုပ်သားကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး ကိစ္စများ)။

## လုပ်ငန်းလည်ပတ်မှုအတွက် ထိခိုက်ဆုံးရှုံးနိုင်ခြေဆိုင်ရာ အဓိကအချက်များ-

- လုပ်သားများ သို့မဟုတ် ကန်ထရိုက်တာများ လုပ်ငန်းခွင်သို့ လာရောက်ရန် ပျက်ကွက်ခြင်း
- (ရေ၊ မီး၊ ရေဆိုးစွန့်ပစ်မှု၊ အမှိုက်စွန့်ပစ်မှု) စသည့်ဝန်ဆောင်မှုများ ပုံမှန်မရရှိခြင်း၊
- သတင်းအချက်အလက်နည်းပညာဝန်ဆောင်မှုနှင့် ဆက်သွယ်ရေးများ (ရေဒီယို၊ အင်တာနက်စသည်တို့) အားနည်းလာခြင်း၊
- အစိုးရမှ မဖြစ်မနေလိုက်နာရမည့် စည်းကမ်းချက်များချမှတ်ခြင်း (ဥပမာ- အသွားအလာပိတ်ပင်ခြင်း)၊
- ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အခြားအရေးပါသော စက်ကိရိယာ/ပစ္စည်းများ ထောက်ပံ့ပေးမှုမရှိခြင်း (ဥပမာ- ဓာတ်အားယူနစ်များ၊ ထုတ်လုပ်မှုလုပ်ငန်းစဉ်အလိုက် ချိတ်ဆက်ထားသော စက်ကိရိယာများ၊ အန္တရာယ်ရှိပစ္စည်းများ သိုလှောင်ကန်များ၊ ဖိအားခံအိုးများ( pressurized vessels)၊ ဓာတုပစ္စည်း သို့မဟုတ် အန္တရာယ်ရှိပစ္စည်း သိုလှောင် ထားသည့် အကြီးစားနှင့်အလတ်စား သိုလှောင်ရုံများ) ၊
- ထိခိုက်ဆုံးရှုံးနိုင်ခြေမြင့်မားသော လုပ်ငန်းတာဝန်များ မဆောင်ရွက်မီ စံလုပ်ထုံးလုပ်နည်းများကို ပြန်လည် သုံးသပ်ရန် လိုအပ်မှု - ဥပမာ- ကြီးမားသော သို့မဟုတ် နက်သောတူးဖော်မှုများ၊ အလုံပိတ်လုပ်ငန်းခွင် နေရာများ၊ စွမ်းအားမြင့်စက်ကိရိယာများ၊ COVID-19 အခြေအနေကြောင့် ပြောင်းလဲဆောင်ရွက်မှုအပေါ်အခြေခံ၍ (ဥပမာ- တစ်ကိုယ်ရည်သုံးကာကွယ်ရေးပစ္စည်း (PPE) များ ထပ်မံဖြည့်ဆည်းပေးခြင်း သို့မဟုတ် ပြောင်းလဲပေးခြင်း၊ လက်သန့်ဆေးရည် အသုံးပြုခြင်း သို့မဟုတ် လုပ်ငန်းဆောင်ရွက်မှု လုပ်ထုံးလုပ်နည်းကို ပြင်ဆင်ပြောင်းလဲခြင်း)၊

- ကန့်ကွက်ဆန္ဒပြမှုများ၊ ပိုင်ဆိုင်မှုများကို ခြိမ်းခြောက်မှုများ၊ အမှန်တကယ်ခိုးယူမှု သို့မဟုတ် ခိုးယူရန်ကြိုးပမ်းမှု၊ မြေကျူးကျော်မှု၊
- လုံခြုံရေးဆိုင်ရာ တုံ့ပြန်နိုင်မှု အားနည်းခြင်း။

## ကုန်စည်/ဝန်ဆောင်မှု ပေးသွင်းမှုကွင်းဆက်အတွက် ထိခိုက်ဆုံးရှုံးနိုင်ခြေဆိုင်ရာအဓိကအချက်များ-

- ပစ္စည်းများမရှိခြင်းကြောင့် သို့မဟုတ် သယ်ယူပို့ဆောင်ရေးပြတ်တောက်မှုကြောင့် အရေးပါသော ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု ပေးသွင်းမှု မရရှိခြင်း သို့မဟုတ် နှောင့်နှေးကြန့်ကြာခြင်း၊
- ပစ္စည်းများ ထိခိုက်ပျက်စီးခြင်း သို့မဟုတ် စွန်းထင်းညစ်ညမ်းခြင်း၊

## ရပ်ရွာလူထုအတွက် ထိခိုက်ဆုံးရှုံးနိုင်ခြေဆိုင်ရာ အဓိကအချက်များ-

- လုပ်သားများမှ အခြားသူများသို့ (ဥပမာ-အနီးကပ်မိသားစုဝင်များ၊ မိတ်ဆွေအပေါင်းအသင်းများ၊ ဝန်ဆောင်မှုပေးအပ်သူများ) ရောဂါကူးစက်ပျံ့ပွားစေသည့် ဖြစ်ရပ်များ ၊
- ရောဂါပိုး သယ်ဆောင်လာသည့် ဝယ်ယူသူများ၊
- လုံခြုံရေးအန္တရာယ် မြင့်မားခြင်း၊
- COVID-19 ကြောင့် ပြည်သူလူထုမငြိမ်မသက်ဖြစ်ခြင်း၊
- စီမံကိန်း၏ သက်ရောက်မှုများအကြောင်း ပြောဆိုဆန့်ကျင်သည့် ရပ်ရွာလူထု သို့မဟုတ် အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များအပေါ် လက်စားချေခြင်း၊ လက်တုံ့ပြန်ခြင်း (ဥပမာ- လုံခြုံရေးတာဝန်ရှိအဖွဲ့အစည်းများက စီမံကိန်းဧရိယာတွင် နှိမ်နင်းဖြိုခွင်းခြင်း)၊
- ညစ်ညမ်းမှုဖြစ်ခြင်းနှင့် အန္တရာယ်ရှိပစ္စည်းများအပေါ် ထိရောက်စွာစီမံခန့်ခွဲနိုင်စွမ်းမရှိခြင်း (ဥပမာ- ကူးစက် ပျံ့ပွားမှုဖြစ်စေနိုင်သော စွန့်ပစ်အမှိုက်များ)၊
- အမှိုက်များပုံမှန်သိမ်းဆည်းမှုကို ရပ်ဆိုင်းထားခြင်းနှင့် လမ်းများပေါ်တွင် အမှိုက်များပြားစုပုံလာ ခြင်း၊
- ညစ်ညမ်းမှုဖြစ်ခြင်း သို့မဟုတ် ရပ်ရွာများတွင် ပတ်ဝန်းကျင်ဆိုင်ရာအန္တရာယ်များဖြစ်ပေါ်ခြင်း၊

ထိုထိခိုက်ဆုံးရှုံးနိုင်ခြေများဖော်ထုတ်ပြီးနောက် ထိခိုက်ဆုံးရှုံးနိုင်ခြေများဖြစ်ပေါ်မည့် အကြိမ်အရေအတွက်နှင့် ပြင်းထန်မှု အတိုင်းအတာတို့ကို သတ်မှတ်ခြင်း သို့မဟုတ် အုပ်စုလိုက် အသေးစိတ်ဆွေးနွေးအဖြေရှာခြင်း သို့မဟုတ် အများပူးပေါင်းပါဝင်ဆွေးနွေးအဖြေရှာနိုင်သည့် အခြားသက်ဆိုင်ရာနည်းလမ်းများ အသုံးပြုကာ အန္တရာယ်များကို ဦးစားပေးသတ်မှတ်ဆောင်ရွက်ရန်လိုအပ်သည်။[၆]

## လုပ်သားများတွင် ဗိုင်းရပ်စ်ပိုးထိတွေ့ဖြစ်ပွားမှု

အထက်ပါအဓိကအုပ်စုများအလိုက် ထိခိုက်ဆုံးရှုံးနိုင်ခြေဆိုင်ရာအဓိကအချက်များ၏အနှစ်သာရမှာ ကုမ္ပဏီများအနေနှင့် ယင်းတို့၏လုပ်သားများ ကိုရိုနာဗိုင်းရပ်စ်နှင့် ထိတွေ့နိုင်ခြေကို ဖော်ထုတ်သတ်မှတ်၍ သက်ဆိုင်ရာထိခိုက်ဆုံးရှုံးနိုင်ခြေများအပေါ် စီမံခန့်ခွဲရန် အထူးလိုအပ်ခြင်းဖြစ်သည်။

လုပ်သားများ ဗိုင်းရပ်စ်ရောဂါပိုးနှင့်ထိတွေ့မှုအတိုင်းအတာသည် ယင်းတို့အလုပ်များက ဗိုင်းရပ်စ်ရောဂါကူးစက်ခံရနိုင်သူများနှင့် အနီးကပ်ထိတွေ့ဆက်ဆံ ရန်လိုအပ်ခြင်း ရှိ၊ မရှိ သို့မဟုတ် အခြားဖြစ်နိုင်ခြေရှိသော အရာများ၊ ဥပမာ- လုပ်ဖော်ကိုင်ဖက်လုပ်သားများ၊ သာမန်ပြည်သူများ၊ ကုန်စည်ဝန်ဆောင်မှု ပေးသွင်းသူများ၊ ရောင်းချသူများ စသည်တို့နှင့် အကြိမ်ကြိမ် ထိတွေ့ဆက်ဆံခြင်း သို့မဟုတ် မပြတ်ထိတွေ့ဆက်ဆံခြင်းတို့ ပြုလုပ်ရန်လိုအပ်သူများ ဟုတ်၊ မဟုတ် ဆိုသည့်အချက်အပေါ် တစ်စိတ်တစ်ပိုင်း မူတည်နေလိမ့်မည်။

### လုပ်သားများ COVID-19 ဗိုင်းရပ်စ်နှင့် ထိတွေ့ဖြစ်ပွားမှုကို အမျိုးအစားခွဲခြားသတ်မှတ်ခြင်း

လုပ်ငန်းအမျိုးအစားနှင့် ဆောင်ရွက်ရသည့် လုပ်ဆောင်ချက်အပေါ်မူတည်၍ လုပ်သားများအတွက် ထိခိုက်ဆုံးရှုံးနိုင်ခြေရှိမှုအတိုင်းအတာကွာခြားသည်။ ဥပမာ- တစ်ဦးနှင့်တစ်ဦး နီးကပ်စွာ လုပ်ကိုင်ဆောင်ရွက်ရသူများ (ဥပမာ- ၂ မီတာအောက်အကွာအဝေးအတွင်း) သည်ထိခိုက်ဆုံးရှုံးနိုင်ခြေ ပိုမိုမြင့်မားသည်။ သာမန်အားဖြင့် အခြားသူများ (အခြားလူအမျိုးမျိုးတို့နှင့်) အကြိမ်ကြိမ်ထိတွေ့နေရသူများ သို့မဟုတ် မပြတ်ထိတွေ့နေရသူများသည် အခြားလုပ်သားများထက် ရောဂါကူးစက်နိုင်ခြေ ပိုမိုမြင့်မားသည်။ ထိုအလုပ်အကိုင် အမျိုးအစားများကို ဥပမာပေးရလျှင် - ကုန်စည်များကို လက်ခံရယူသည့် ကုန်လှောင်ရုံဝန်ထမ်း


[၆] ထိခိုက်ဆုံးရှုံးမှုဆန်းစစ်မှုဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို https://apps.who.int/disasters/repo/5525.pdf / https://www.publicsafety.gc.ca/cnt/ rsrcs/pblctns/ll-hzrds-ssssmnt/index-en.aspx#step3 တွင် ကိုးကားပါ-

သို့မဟုတ် ထရပ်ကားမောင်းသူများနှင့် အပြန်အလှန်ဆက်ဆံရသည့် သဘော်သသယ်ယူပို့ဆောင်ရေးဌာနများ၏လုပ်သားများ၊ ပါဆယ်ပေးပို့ရသည့် ယာဉ်မောင်းများ၊ အရောင်းဝန်ထမ်းများ၊ ငွေကိုင်များ စသည်တို့) ပါဝင် ကြသည်။

အမေရိကန်နိုင်ငံ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ စီမံရေးရာဌာန(OSHA)က လုပ်ငန်းတာဝန်များကို အန္တရာယ်ဖြစ်နိုင်ခြေအဆင့် (၄) ဆင့်ဖြင့် အောက်ပါအတိုင်း အမျိုးအစားခွဲခြား အကြံပြုဖော်ပြထားပါသည်-

**လုပ်ငန်းခွင်တွင် COVID -19 ကျန်းမာရေး အန္တရာယ်ပြ**

**ပိရမစ်ပုံ**




### ဗိုင်းရပ်စ်နှင့်ထိတွေ့နိုင်ခြေအလွန်မြင့်မားသော အုပ်စု

- ဗိုင်းရပ်စ်နှင့် ထိတွေ့နိုင်ခြေမြင့်မားသော သို့မဟုတ် ဗိုင်းရပ်စ်သယ်ဆောင်ထားကြောင်းသံသယရှိသူများနှင့် နီးကပ်လုပ်ကိုင်ဆောင်ရွက်ရသူများ ပါဝင်ကြသည်။ ယင်းတို့တွင် အောက်ပါတို့အပါအဝင်ဖြစ်သည်-
  - ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုပေးသောလုပ်သားများနှင့် ပထမဆုံးအရေးပေါ် တုံ့ပြန်ရသူများ၊
  - ကုမ္ပဏီ၏ဆရာဝန် သို့မဟုတ် လူနာများ (လုပ်သားများ) ကို ကုမ္ပဏီ၏ ဆေးခန်းတွင် လက်ခံကုသပေး ရသည့် ဆေးအကူဝန်ထမ်းများ၊
  - ကူးစက်ခံ ရနိုင်ခြေရှိသူများ သို့မဟုတ် အမှန်တကယ်ကူးစက်ခံရသူများကို သယ်ယူပို့ဆောင်ပေးရသည့် ဆေးဘက်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးလုပ်သားများ (ဥပမာ- ဆေးရုံကား မောင်းသူများ)။

### ဗိုင်းရပ်စ်နှင့် ထိတွေ့နိုင်ခြေမြင့်မားသောအုပ်စု

- လုပ်သားနေရာထိုင်ခင်း သို့မဟုတ် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုပေးသူများ၊
- သေဆုံးမှုနှင့် မတော်တဆ ထိခိုက်မှုများအပေါ် စုံစမ်းစစ်ဆေးရသူများ၊
- အများပြည်သူနှင့် ထိတွေ့ဆက်ဆံရသည့်လုပ်သားများ၊

### ဗိုင်းရပ်စ်နှင့် ထိတွေ့နိုင်ခြေအလယ်အလတ်ရှိအုပ်စု

- လုပ်ငန်းခွင်တွင် အခြားလုပ်သားများနှင့် မကြာခဏ သို့မဟုတ် အနီးကပ်ထိတွေ့သူများ (၂ မီတာအတွင်း)၊

- COVID-19 ကျယ်ကျယ်ပြန့်ပြန့် ကူးစက်ပျံ့ပွားနေသည့် နေရာများမှလာသော ခရီးသွားများနှင့် အနီးကပ်ထိတွေ့နေခဲ့သူလုပ်သားများ။

### ဗိုင်းရပ်စ်နှင့် ထိတွေ့နိုင်ခြေ နည်းသောအုပ်စု

- COVID-19 ကူးစက်ခံထားရသည်ဟု သိရှိထားသူများ သို့မဟုတ် သံသယရှိသူများနှင့် ထိတွေ့ဆက်ဆံရန်မလိုအပ်သည့် အလုပ်များကို လုပ်ကိုင်သူများ သို့မဟုတ် အများပြည်သူနှင့် (၂ မီတာအောက် အကွာအဝေး) တွင် မကြာခဏ ထိတွေ့ဆက်ဆံရန် မလိုအပ်သူများ၊
- အများပြည်သူ သို့မဟုတ် အခြားလုပ်ဖော်ကိုင်ဖက်များနှင့် လုပ်ငန်းခွင်တွင် ထိတွေ့မှုအနည်းဆုံးရှိသော လုပ်သားများ။

လုပ်သားများ၏ လုပ်ငန်းခွင် သဘောသဘာဝ မည်သို့ရှိစေကာမူ ကိုရိုနာဗိုင်းရပ်စ် စမ်းသပ်တွေ့ရှိရသူ တစ်ဦးနှင့် နေရာထိုင်ခင်းတစ်ခုတည်းတွင် အတူနေသည့် မည်သည့်လုပ်သားမဆိုသည် ဗိုင်းရပ်စ်ရောဂါနှင့် ထိတွေ့နိုင်ခြေ မြင့်မားနိုင်သည်ကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။

COVID-19 ကူးစက်ခံထားရသူအချို့ပုဂ္ဂိုလ်များသည် ရောဂါလက္ခဏာမပြဘဲ ရှိနေနိုင်သောကြောင့် ကူးစက်ခံထားရခြင်း ရှိ၊ မရှိ မသိနိုင်လျှင်၊ လုပ်ငန်းခွင်ကျန်းမာရေးရှုထောင့်အရ လူအားလုံးကို ဗိုင်းရပ်စ်ကူးစက်ခံရနိုင်ခြေရှိသူများအဖြစ်သာ ရှုမြင်သင့်ကြောင်း မှတ်သားထားပါ။

## လုပ်ငန်းတာဝန် ၄ ။ထိန်းချုပ်မှုများ၊ အရင်းအမြစ်များနှင့် အရေးပေါ်အခြေအနေ တုံ့ပြန် ဆောင်ရွက်ရေးကိစ္စများ သတ်မှတ်ခြင်း၊

အဓိကထိခိုက်ဆုံးရှုံးနိုင်ခြေများကို စာရင်းပြုစု၊ အကဲဖြတ်၍ ဦးစားပေးသတ်မှတ်ခြင်းကို လုပ်ငန်းတာဝန် (၃) ၏ အစိတ်အပိုင်းအဖြစ် ဆောင်ရွက်ပြီးလျှင်၊ နောက်တစ်ဆင့်အဖြစ် လုပ်ငန်းတာဝန် (၄) တွင် ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းများ ဆက်လက်လည်ပတ်ဆောင်ရွက်နိုင်စေရန် အထက်ပါ ဖော်ထုတ်တွေ့ရှိထားသော ထိခိုက်ဆုံးရှုံးနိုင်ခြေများကိုလျှော့ချရန် အခြေခံဆောင်ရွက်မည့် အဆင့်များနှင့် လုပ်ငန်းများကို သတ်မှတ်ရန်ဖြစ်သည်။ ဖော်ထုတ်သတ်မှတ်ထား သည့် ထိခိုက်ဆုံးရှုံးနိုင်ခြေတစ်ခုစီအလိုက် ထိန်းချုပ်မှု အစီအမံများ၊ သုံးစွဲမည့်အရင်းအမြစ်များနှင့် ထိခိုက်မှုလျှော့ချရေးအစီအမံများကို စာရင်းပြုစုခြင်းအားဖြင့် ထိုအဆင့်ကိုပြုလုပ်နိုင်သည်။

ဖော်ထုတ်သတ်မှတ်ထားသည့် ထိခိုက်ဆုံးရှုံးနိုင်ခြေအန္တရာယ်တစ်ခုချင်းစီအလိုက် ထိန်းချုပ်မှုနှင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုအစီအမံများကို သတ်မှတ်သည့် လုပ်ငန်းစဉ် တစ်သမတ်တည်း ရှိစေရန် နှင့် အဆင်ပြေချောမွေ့စေရန် အထက်တွင်ဖော်ပြထားသည့် အမေရိကန်နိုင်ငံ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ စီမံရေးရာဌာနက အကြံပြုထားသည့် အန္တရာယ်နှင့် ထိတွေ့နိုင်ခြေ အုပ်စု (၄) ခု ပုံစံကိုအသုံးပြု စီမံဆောင်ရွက်ရန်အကြံပြုအပ်ပါသည်။ အောက်ပါဇယားတွင် COVID-19 ကမ္ဘာ့ကပ်ရောဂါ (အထွေထွေရှုထောင့်)နှင့်ဆိုင်သည့် ပင်မထိခိုက်ဆုံးရှုံးနိုင်ခြေအန္တရာယ်စာရင်းတစ်စောင်ကို အန္တရာယ် ထိတွေ့နိုင်ခြေရှိသည့် အုပ်စု အမျိုးအစားတစ်ခုစီအလိုက် ထိန်းချုပ်ရန် အစီအမံအကြံပြုချက် အသီးသီးနှင့် ပူးတွဲဖော်ပြအပ်ပါသည်။

| ဖော်ထုတ်သတ်မှတ် ထားသည့် ပင်မထိခိုက်ဆုံးရှုံးနိုင်ခြေများ | ဖြစ်နိုင်ခြေရှိသော ထိန်းချုပ်မှုအစီအမံများ |
|---|---|
| | **လုပ်သားများ** |
| **COVID-19 ထိတွေ့ ကူးစက်နိုင်သည့် အထွေထွေအန္တရာယ်များ** | • **သတင်းအချက်အလက်ဖြန့်ဝေခြင်း။** အသိအမြင်ဖွင့် လှုပ်ရှားမှုများ၊ သင်တန်းများ သို့မဟုတ် သက်ဆိုင်ရာ ဆက်သွယ်ရေးလမ်းကြောင်းများ ချမှတ်ထူထောင်ခြင်း (ဥပမာ- WhatsApp အုပ်စု သို့မဟုတ် email အုပ်စု) အားဖြင့် COVID-19 ဆိုင်ရာ သတင်းအချက်အလက်များ[၅] ပေး ပို့ပါ။<br>• **သီးသန့်ခွဲနေခြင်း။** ဖျားနာနေသော သို့မဟုတ် ကူးစက်ခံရနိုင်ခြေရှိသော လုပ်သားများကို အိမ်တွင်နေရန် သို့မဟုတ် အိမ်မှအလုပ်လုပ်ရန်ပြောပါ။ COVID-19 ရောဂါလက္ခဏာ သတင်းပေးပို့လာသည့် လုပ်သားများကို အိမ်တွင်နေရန် တိုက်တွန်းရာ၌- အသိအမြင်များမြင့်မားလာစေရန် ကြိုးပမ်းဆောင်ရွက်ခြင်း၊ ဆေးပညာဆိုင်ရာ မေးခွန်းလွှာ အကျဉ်းချုပ်ကို ဖြည့်သွင်းစေခြင်းနှင့် ကုမ္ပဏီ၏ နာမကျန်းခွင့်မူဝါဒများကို ပြန်လည်သုံးသပ်ခြင်းတို့ လိုအပ်နိုင်သည်။<br>• **ချောင်းဆိုးလျှင် လိုက်နာရမည့် ကျန်းမာရေးအလေ့အကျင့်။** လက်တတောင်ဆစ်ကွေး၍ သို့မဟုတ် အင်္ကျီလက်ကို အကာအကွယ်ပြု၍ ချောင်းဆိုးသင့်ကြောင်း၊ လက်ထဲသို့ ချောင်းမဆိုးသင့်ကြောင်း၊ ချောင်းဆိုးစဉ် လိုက်နာရမည့် ကျန်းမာရေး အလေ့အကျင့်ကို အလေးအနက်ထား အသိပေးပါ။<br>• **တစ်ဦးနှင့်တစ်ဦး သတ်မှတ်အကွာအဝေးတစ်ရပ်ခွာ၍ နေထိုင်ဆောင်ရွက်ခြင်း။** တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း နှင့် လူစုလူဝေးများကန့်သတ်ခြင်းတို့ ဆောင်ရွက်ရန်လိုအပ်သည်။ |

[၅] COVID-19 အခြေအနေတွင် လုပ်သားများကို ကူညီထောက်ပံ့ခြင်းနှင့်စပ်လျဉ်း၍ IFC ၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူသူများအတွက် ကြားကာလအကြံဉာဏ်များကို ကိုးကားပါ။

<table>
<tr><td></td><td>• လက်ဆေးခြင်း။ ချောင်းဆိုးစဉ်လိုက်နာရမည့် ကျန်းမာရေးအလေ့အကျင့်ကဲ့သို့ပင် လုပ်သားများအား ကောင်းမွန်မှန်ကန်သည့် လက်ဆေးသည့်နည်းစနစ် [၆] ကို အသိပေး၍ လက်ဆေးရန်လုံလောက်သည့် အခင်းအကျင်း အပြင်အဆင်များ စီစဉ်ပေးပါ။<br>• သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် ပိုးသတ်ခြင်း။ လုပ်ငန်းခွင်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်း/ ပိုးသတ်ခြင်းတို့ကို အသေးစိတ် ဆောင်ရွက်ရန် လို၊ မလို ဆုံးဖြတ်ရန်နှင့် သင့်တော်သည့် သန့်ရှင်းရေးပစ္စည်းများ ရရှိနိုင်စေရန် ဆောင်ရွက်ပါ။<br>• အစားအစာများပြင်ဆင်ခြင်း။ အစားအစာပြင်ဆင်ချက်ပြုတ်သည့် နေရာများတွင် သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် ပိုးသတ်ခြင်းများတွင် အထူးလိုက်နာရမည့် လုပ်ထုံးလုပ်နည်းများကိုဖော်ပြပါ။ မီးဖိုချောင်ဝန်ထမ်းများ COVID-19 ရောဂါလက္ခဏာခံစားရလျှင် လုပ်ငန်းခွင်သို့ မလာရောက်ရန် တားမြစ်ပါ။</td></tr>
<tr><td>လုပ်ငန်းခွင်အတွင်း အနေနီးကပ်ရာမှ ရောဂါ ကူးစက်နိုင်သည့် အန္တရာယ်</td><td>• COVID-19 ဗိုင်းရပ်စ်နှင့် ထိတွေ့နိုင်သည့် လုပ်သားများ အုပ်စု အမျိုးအစားခွဲခြားခြင်း’ ဟူသည့် အထက်တွင် ဖော်ပြထားသည့် အန္တရာယ်ရှိ အုပ်စုအဆင့်အလိုက် လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေး အစီအမံများကို လုံလောက်စွာ ကျင့်သုံးစေရန်ဖြစ်သည်။<br>• အလုပ်နေရာများ တစ်ခုနှင့်တစ်ခု နှစ်မီတာထက်မနည်းသော အကွာအဝေးတွင်ရှိနေရန် စီစဉ်နေရာချပါ။ ထိုသို့ ဆောင်ရွက်ရန် မဖြစ်နိုင်လျှင် ၊ ရုပ်ဝတ္ထု အကာအကွယ် အတားအဆီးများ အသုံးပြုရန် စဉ်းစားပါ။<br>• ဗိုင်းရပ်စ်နှင့် ထိတွေ့နိုင်ခြေအတိုင်းအတာအပေါ်မူတည်၍ တစ်ကိုယ်ရည်သုံး ကာကွယ်ရေးပစ္စည်း (PPE) အသုံးပြုစေရန်ဖြစ်သည်။<br>• ကုမ္ပဏီဝင်းနှင့် အဆောက်အအုံများအတွင်းသို့ လူပုဂ္ဂိုလ်များ မလိုအပ်ဘဲ ဝင်ထွက်ခြင်းကို ပိတ်ပင်တားမြစ်ပါ။<br>• ကုမ္ပဏီဝင်းနှင့် အဆောက်အအုံများတွင် ဧည့်သည်များလက်ခံရာ၌ လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ပါ။<br>• မဖြစ်မနေလိုအပ်သော ဝင်ထွက်မှုကိုသာ ခွင့်ပြုပေးပါ။<br>• အိမ်မှအလုပ်လုပ်နိုင်သည့် မူဝါဒတစ်ရပ် ရေးဆွဲရာ၌ လုပ်ငန်းခွင်အတွင်းရှိရမည့် လုပ်သားအရေအတွက်ကို တတ်နိုင်သမျှ အနည်းဆုံးဖြစ်အောင် လျှော့ချပါ။<br>• ကုမ္ပဏီ သို့မဟုတ် ရပ်ရွာလူထု သို့မဟုတ် အစိုးရကဏ္ဍ သို့မဟုတ် အခြားပြင်ပမှလာသူများနှင့် အပြန်အလှန် ဆက်သွယ်ဆောင်ရွက်ရသူ ဝန်ထမ်းများအနေနှင့် နှာခေါင်းစည်း (မျက်နှာဖုံး)များကို မဖြစ်မနေ အသုံးပြုခိုင်းပါ။<br>• ရပ်ရွာလူထု၊ လုပ်ငန်းနှင့်ပတ်သက်ဆက်နွယ်သော သာမန်ပုဂ္ဂိုလ်များ ဝင်ထွက်သွားလာမှုကို ဖြစ်နိုင်လျှင် ကန့်သတ်ပါ။ (ယင်းတို့အနေနှင့် E-mail သို့မဟုတ် တယ်လီဖုန်းမှ ဆက်သွယ်ဆောင်ရွက်နိုင်သောကြောင့် ဖြစ်သည်။</td></tr>
<tr><td colspan="2">လုပ်ငန်းလည်ပတ်မှုများ</td></tr>
<tr><td>အကြီးတန်းစီမံခန့်ခွဲသူများ နာမကျန်းဖြစ်ခြင်းကြောင့် ဆုံးဖြတ်ချက်ချမှတ်ပေးနိုင်မှု မရှိခြင်း</td><td>• ကမ္ဘာ့ကပ်ရောဂါအခြေအနေ ဖြစ်ပေါ်နေစဉ်အတွင်း လုပ်ပိုင်ခွင့်အာဏာများ ခွဲဝေပေးရန် လုပ်ထုံးလုပ်နည်းများ သတ်မှတ် ပါ။<br>• ကန်ထရိုက်တာများနှင့် တစ်ဆင့်ခံကန်ထရိုက်တာများအပါအဝင် ဝန်ထမ်းများ ဆက်သွယ်ရမည့်စာရင်း (ဆဲလ်ဖုန်းနံပါတ်၊ အိမ်ဖုန်းနံပါတ်၊ email) တို့ကို နောက်ဆုံးရအချက်အလက်များနှင့် မွမ်းမံ၍ ရရှိနိုင်အောင် စီစဉ်ပေး ပါ။<br>• လုပ်ငန်းခွင်/လုပ်ငန်းနယ်ပယ်တစ်ခုစီအလိုက် တာဝန်ရှိသော ဆုံးဖြတ်ချက်ချမှတ်နိုင်သည့် အခြားသူများကို သတ်မှတ်ပေးပါ။</td></tr>
</table>

[၆] ကောင်းမွန်မှန်ကန်သည့် လက်ဆေးနည်းစနစ်များ (၁) လက်ကို ရေနှင့်ဆေးပါ။ (၂) ဆပ်ပြာကို လုံလောက်စွာ အသုံးပြု၍ လက်နှစ်ဖက်စလုံးအနှံ့ပွတ်တိုက်ပါ။ (၃) လက်၏ အစိတ်အပိုင်းအားလုံးနှင့် လက်ချောင်းများကို လက်ကောက်ဝတ်အထိ သေချာစွာ ဆေးကြောပါ။ လက်များကို အနည်းဆုံး စက္ကန့် ၂၀ ကြာအထိ ပွတ်တိုက်ဆေးကြောပါ။ (၄) လက်များကို ရေနှင့်ဆေးကြောပြီး တစ်သျှူးစက္ကူဖြင့် သေချာစွာ ခြောက်အောင်သုတ်ပါ။ (၅) လက်သုတ်ပြီးသားတစ်သျှူးစက္ကူဖြင့် ရေဘုံဘိုင်ခေါင်းကို ပိတ်ပြီး ထိုတစ်သျှူးစက္ကူကို အမှိုက်ပုံးထဲသို့ သေချာစွာ စွန့်ပစ်ပါ။

| | |
|---|---|
| **ဆက်သွယ်ရေး မကောင်းသောကြောင့် စီးပွားရေးဆိုင်ရာ အဟန့်အတားများ ဖြစ်ပေါ်ခြင်း** | • သင်၏ လုပ်ငန်းလည်ပတ်မှုအခြေအနေအကြောင်းကို သင်၏ဖောက်သည်များအား ပွင့်ပွင့်လင်းလင်း ဆက်သွယ်ဖော်ပြပါ။ မည်သည့်အကာအကွယ်အစီအမံများကို သင်ဆောင်ရွက်နေကြောင်းနှင့် သင်၏လုပ်ငန်းသို့ ဖောက်သည်များလာရောက်လည်ပတ်သည့်အခါ ထိုအစီအမံများက (ဖောက်သည်များကို) မည်သို့ကာကွယ်ပေးထားမည် ဖြစ်ကြောင်းတို့ကိုပါ ဆက်သွယ်ပြောကြားပါ။<br>• လုပ်သားများ၊ လုပ်ငန်းမိတ်ဖက်များ၊ သင်၏ဖောက်သည်များနှင့် အရေးပေါ် ဆက်သွယ်ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို သတ်မှတ်ပါ။<br>• နစ်နာဆုံးရှုံးမှုများကိုတိုင်ကြားဖြေရှင်းရေးဆိုင်ရာလမ်းကြောင်းများကို ဆက်လက်ဖွင့်ထားပြီး လုပ်သားများ၏ တိုင်ကြားမှုများ ကိုင်တွယ် ဆောင်ရွက်ခြင်းနှင့် ဖြေရှင်းခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပါ။ ဥပမာ- လက်တုံ့ပြန်ခံရနိုင်ခြေရှိသူများအနေနှင့် လုံခြုံစိတ်ချရသော ဖုန်း သို့မဟုတ် email များမှတစ်ဆင့် သတ်မှတ်ပေးထားသော ဆက်သွယ်ရန် ပုဂ္ဂိုလ်တစ်ဦးထံသို့ လျှို့ဝှက်နည်းလမ်းတစ်ရပ်အားဖြင့် ဆက်သွယ်၍ ကိစ္စရပ်များ တင်ပြနိုင်ရန် စီစဉ်ပေးပါ။ |
| **သာမန်လုပ်ငန်း လည်ပတ်မှုများဆောင်ရွက်ရန် လူအင် အား မလုံလောက်ခြင်း** | • အလုပ်အဆိုင်းများ ပြောင်းလဲခြင်း/ လိုက်လျောညီထွေ ပြင်ဆင်ခြင်းတို့ကို စဉ်းစားပါ။<br>• လုပ်ငန်းစဉ်များနှင့် လုပ်ငန်းအဖွဲ့များသည် ဘေးအန္တရာယ်ကင်းရှင်းရေး သတ်မှတ်ချက်များအတွင်း လုပ်ကိုင်ဆောင်ရွက်ကြကြောင်း အမြဲသေချာစေလျက် စက်ကိရိယာများအားလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို ယာယီ သို့မဟုတ် အမြဲတမ်း ရပ်နားပိတ်သိမ်းမည့်အစီအစဉ်ရေးဆွဲပါ။<br>• လူနည်းနည်းနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာဆောင်ရွက်နိုင်ရေးအတွက် အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာ တွက်ချက်မှုများပြုလုပ်နိုင်သည့် လုပ်ငန်းစဉ် ဖြစ်၊ မဖြစ် အကဲဖြတ်ပါ။<br>• လုပ်ငန်းခွင်သို့ မလာရောက်နိုင်ဘဲ ပျက်ကွက်မှုများကို စောင့်ကြည့်လေ့လာ၍ ပျက်ကွက်သည့်အရေအတွက် မြင့်မားလာလျှင် သင့်လုပ်ငန်းကို မည်သို့ လည်ပတ်ဆောင်ရွက်မည်ဖြစ်ကြောင်း စီမံချက်များပြင်ဆင်ရေး ဆွဲထားပါ။ |
| **လုပ်သားများ လုပ်ငန်းခွင်ထဲသို့ မရောက်ရှိနိုင်ခြင်း (ဒေသအတွင်း သွားလာမှုဆိုင်ရာ သတ်မှတ်ချက်များ သို့မဟုတ် အစိုးရ စည်းမျဉ်းစည်းကမ်းများကြောင့်)** | • အရေးပါသော ပုဂ္ဂိုလ်များကို လုပ်ငန်းခွင်သို့ မည်သို့ သယ်ယူပို့ဆောင်နိုင်မည် ကို လေ့လာဆန်းစစ်ပါ။<br>• အရေးပါသော ဝန်ထမ်းများအတွက် ဖြတ်သန်းသွားလာရေး ခွင့်ပြုချက်များနှင့် ပါမစ်များ ယင်းတို့အတွက် အရန်အစီအစဉ်များနှင့် ပံ့ပိုးမှုများ လိုအပ်သလို ရရှိ ရန် ဆောင်ရွက်ပါ။<br>• အလုပ်အဆိုင်းများကို နောက်ကျမှစတင်ခြင်း သို့မဟုတ် နှောင့်နှေးကြန့်ကြာမှု များကိုလည်း ထည့်စဉ်းစားစီစဉ်ပါ။<br>• ထိန်းချုပ်မှုများနှင့် အသွားအလာပိတ်ပင်မှုများ တိုးမြှင့်မည့်အကြောင်း နှင့်စပ်လျဉ်းသည့် နောက်ဆုံးသတင်းအချက်အလက် များရရှိရန် အစိုးရအရာရှိများနှင့် ပုံမှန်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပါ။ |
| **ကုန်စည်ဝန်ဆောင်မှု ပေးသွင်းမှုကွင်းဆက်** | |
| **ကုန်စည်ဝန်ဆောင်မှု ပေးသွင်းမှု ကွင်းဆက်တွင် အဟန့်အတားများ ဖြစ်ပေါ်ခြင်း** | • ထုတ်ကုန်များ၊ ကုန်စည်ဝန်ဆောင်မှုပေးသွင်းမှုများနှင့် ကုန်ကြမ်းပစ္စည်းများ ကို သာမန်ပေးပို့လေ့ရှိသည့် အရေအတွက်နှင့် ပေးပို့ချိန်ထက်စာလျှင် အရေအတွက်အမျိုးမျိုးအလိုက် ပေးပို့ချိန်အမျိုးမျိုးတို့နှင့် လိုက်လျောညီထွေ ဖြစ်စေရန် လုပ်ငန်းစဉ်များကို ပြန်လည်ချိန်ညှိပါ။<br>• စီးပွားရေးလုပ်ငန်း လည်ပတ်မှုကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်သည့် ကုမ္ပဏီ၏ ကုန်စည်ဝန်ဆောင်မှု ပေးသွင်းမှုကွင်းဆက်များ (ဥပမာ- ကုန်ကြမ်းပစ္စည်းများ၊ ပေးသွင်းသူများ၊ တစ်ဆင့်ခံကန်ထရိုက်တာ ဝန်ဆောင်မှုများ/ ထုတ်ကုန်များ/ ထောက်ပံ့ဖြည့်ဆည်းရေးဝန်ဆောင်မှုများ) ၏ အရေးပါ အဓိကကျသော အရာများကို ဖော်ထုတ်သတ်မှတ်ပါ။<br>• အရေးပါသော အခြေခံအဆောက်အအုံဆိုင်ရာ ကုန်စည်ဝန်ဆောင်မှုပေးသွင်းရန်အမှာစာများ ဖြည့်ဆည်းဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်စေနိုင်သည့် လက်ရှိဖြစ်ပေါ်နေသော သို့မဟုတ် မျှော်မှန်းထားသည့် ထုတ်လုပ်ရေးကျဆင်းမှုအကြောင်း သတင်းအချက်အလက်များကို ကုန်စည်ဝန်ဆောင်မှုပေးသွင်းသူများထံမှ ရယူပါ။<br>• အရန်အစီအစဉ်တစ်ရပ်အဖြစ် ကုန်စည်ဝန်ဆောင်မှု ပေးသွင်းနိုင်သည့် အခြားအရင်းအမြစ်နေရာများကို စူးစမ်းလေ့လာပါ။<br>• လမ်းများတွင် ယာဉ်အသွားအလာကြပ်နေခြင်း၊ ထရပ်ကားမောင်းသူများ/ထရပ်ကားများ လျော့နည်းနေခြင်း၊ အစိုးရက အသွားအလာပိတ်ပင်မှုစည်းမျဉ်းများချမှတ်ခြင်းနှင့် ယာဉ်အသွားအလာဆိုင်ရာ ကန့်သတ်ချက်များရှိနေသည့် |

| | |
|---|---|
| | ဖြစ်ရပ်တွင် လုပ်သားများနှင့် ကုန်စည်များသယ်ယူပို့ဆောင်ရန် အခြားဆောင်ရွက်နိုင်သောနည်းလမ်းများကို ဖော်ထုတ်သတ်မှတ်ပါ။<br>• ကုန်ပစ္စည်းများကို ကာလကြာရှည်တစ်ခုအထိ လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ကြောင်း သေချာအောင်လုပ်ရန်။<br>• ကုန်စည်ဝန်ဆောင်မှုပေးသွင်းသူတစ်ဦးသည် ကုန်အမှာစာကို ကျေပွန်အောင် မဖြည့်ဆည်းပေးနိုင်သည့် အခြေအနေတွင် အခြားဖြန့်ဖြူးရေး အရင်းအမြစ်များကို လက်လှမ်းမီရန် စီစဉ်ထားပါ။ |
| **အရေးပါသော ပစ္စည်းများကို လုံလောက်စွာ သိုလှောင်မထားခြင်း** | • ကမ္ဘာ့ကပ်ရောဂါကာလအတွင်း အရေးပါသောပစ္စည်းများ ပုံမှန်ဖြည့်ဆည်းပေးနိုင်စေရေးအတွက် သင်၏ ပြုပြင်ထိန်းသိမ်းမှု ကန်ထရိုက်စာချုပ်များကို စစ်ဆေးပါ။<br>• အရေးပါသော ကုန်ပစ္စည်းများ၊ လက်နက်ကိရိယာများ၊ အခြားပစ္စည်းများနှင့် စက်ကိရိယာများ အခြေခံအားဖြင့် လုံလောက်စွာ သိုလှောင်ထားရှိပါ။<br>• ဘေးအန္တရာယ်ကင်းရှင်းရေးအခြေခံပစ္စည်းများဖြစ်ကြသည့် ဆပ်ပြာများ၊ လျှော်ဖွတ်သန့်စင်ရေးအရည်/အခဲများ၊ ပိုးသတ်ဆေး၊ လက်သန့်ဆေးရည်များ၊ N95 မျက်နှာစည်းများ၊ နှာခေါင်းစည်းများ၊ တစ်ကိုယ်ရည်သုံးကာကွယ်ရေးပစ္စည်းများ(PPE) သိုလှောင်ထားရှိပါ။ |
| **ရပ်ရွာလူထု** | |
| **လုံခြုံရေးခြိမ်းခြောက်မှု မြင့်မားလာခြင်း** | • စီမံကိန်းလုပ်ငန်းခွင်အတွင်းနှင့် အပြင်တွင် COVID-19-နှင့် ဆက်စပ်သည့် လုံခြုံရေးအန္တရာယ်အသစ်များကို လေ့လာဆန်းစစ်ပါ။<br>• ကုမ္ပဏီ၏ ဌာနတွင်း လုံခြုံရေးအစီအစဉ်များကို အခြေအနေအသစ်များ နှင့်အညီ ပြင်ဆင်ပြောင်းလဲပါ။<br>• ပြည်သူလူထုမငြိမ်မသက်ဖြစ်သည့်ဖြစ်ရပ်တွင် အသုံးပြုရန် လုပ်ထုံးလုပ်နည်းများ ရေးဆွဲချမှတ်ပါ။ ထိုလုပ်ထုံးလုပ်နည်းများသည် ဒေသန္တရ စည်းမျဉ်းများ၊ ကုမ္ပဏီ၏ သတ်မှတ်ချက်များနှင့် ' လုံခြုံရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ဆန္ဒအလျောက် လိုက်နာနိုင်သော စည်းမျဉ်းများ '[၇] နှင့် ကိုက်ညီစေရန်ဖြစ်သည်။<br>• လုံခြုံရေးအန္တရာယ်မြင့်မားနိုင်သည့် အရေးပါသော ကုမ္ပဏီပိုင်ငွေကြေး၊ ပစ္စည်း၊ ရရန်ပိုင်ခွင့်များအပေါ် ကာကွယ်ရန် ဒေသန္တရအာဏာပိုင်အဖွဲ့ အစည်း များနှင့် ပေါင်းစပ်ညှိနှိုင်းပါ။<br>• လုပ်သားများနှင့် စီမံကိန်းကြောင့်ထိခိုက်နစ်နာသည့် ရပ်ရွာများအပေါ် လုံခြုံရေးဝန်ထမ်းများ၏ ပြုမူဆောင်ရွက်မှုများသည် သင့်တော်မှုရှိပါစေ။ |
| **ရပ်ရွာနှင့် ဆက်ဆံရေး ထိခိုက်ပျက်ပြားခြင်း** | • ထိခိုက်နစ်နာမှုများကို တိုင်ကြားဖြေရှင်းရေး လမ်းကြောင်းများ ဆက်လက်ဖွင့်ထား၍ တိုင်ကြားမှုများ၊ တောင်းဆိုမှုများနှင့် သတင်းအချက်အလက်တောင်းခံမှုများ ဆက်လက်ကိုင်တွယ်ဖြေရှင်းပါ။ ရပ်ရွာလူထု၏ စိုးရိမ်ပူပန်မှုများ တင်ပြရန် လုံခြုံစိတ်ချရသည့် လမ်းကြောင်းများ၊ လက်တုံ့ပြန်ခံရနိုင်ခြေရှိသူများအနေနှင့် ဥပမာ- ကုတ်နံပါတ်များဖြင့် ပြောင်းလဲပေးပို့နိုင်သည့် အပလီကေးရှင်းများ ဖြင့်ဆက်သွယ်ဆောင်ရွက်ရန် စီစဉ်ပေးပါ။<br>• ကုမ္ပဏီ၏ လူမှုဆိုင်ရာ ရင်းနှီးမြှုပ်နှံဆောင်ရွက်မှု အစီအစဉ်ကို ပြန်လည်မွမ်းမံပြင်ဆင်နိုင်ခြင်း ရှိ၊ မရှိ အကဲဖြတ်ပါ သို့မဟုတ် ထိခိုက်နစ်နာသည့် ရပ်ရွာများအား ပံ့ပိုးကူညီပေးရန် ရပ်ရွာလူထု ထောက်ပံ့ကူညီရေး အစီအစဉ်အသစ်များ ထူထောင်ပါ။<br>• ရပ်ရွာလူထုအတွင်း COVID-19 ၏ သက်ရောက်မှုများနှင့် စပ်လျဉ်း၍ ဖြေရှင်းဆောင်ရွက်နေသည့် အစိုးရအာဏာပိုင်အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ သို့မဟုတ် အခြားအဖွဲ့အစည်းများ၏ စနစ်တကျ တားဆီးကာကွယ်ရေး သို့မဟုတ် သက်သာရာရရေး ကြိုးပမ်းမှုများနှင့် လှုပ်ရှားမှုများ ဆောင်ရွက်ရာ၌ ပံ့ပိုးကူညီရန်စဉ်းစားပါ။<br>• ရေဒီယို၊ လူမှုမီဒီယာ သို့မဟုတ် အခြားအင်တာနက်အခြေပြု နည်းလမ်းများအားဖြင့် ဆက်သွယ်ဆောင်ရွက်မှုများကို အားပေးမြှင့်တင်ပါ။ |

[၇] https://www.voluntaryprinciples.org/ ကို ကြည့်ပါ။

| | |
|---|---|
| **ညစ်ညမ်းမှုဖြစ်နိုင်သည့် အန္တရာယ်** | • ရပ်ရွာလူထုနှင့် သဘာဝပတ်ဝန်းကျင် အပေါ် ထိခိုက်နိုင်သည့် ညစ်ညမ်းမှုများ ထုတ်လွှတ်သည့် ပင်ရင်းနေရာများကို ထိန်းထားနိုင်ပြီး ထုတ်လွှတ်မှုများကို ထိန်းချုပ်နိုင်ရန်အတွက်လုံလောက်သည့်အရင်း အမြစ်များ ချထားဆောင်ရွက်ပါ။<br>• ရေဆိုးသန့်စင်စက်ရုံများ လည်ပတ်ရာ၌ အသုံးပြုသည့်ပစ္စည်းများ၊ အရေးပါသော စက်ကိရိယာများ၊ ပွတ်တိုက်ဖယ်ရှားပေးသည့်ပစ္စည်းများ၊ ရေစစ်များ၊ အခြားသော ညစ်ညမ်းမှုတားဆီးကာကွယ်ရေး ကိရိယာများကို စာရင်းတွင် ထည့်သွင်းပြုစုပါ။ အကြောင်းမှာ ယင်းတို့ကို သတိထားစောင့်ကြည့် ဆောင်ရွက်ခြင်းမရှိဘဲ ထားခဲ့လျှင် အဆိပ်အတောက်ဖြစ်စေသော အမှိုက်များ သို့မဟုတ် ညစ်ညမ်းပစ္စည်းများ ပတ်ဝန်းကျင်သို့ လျှံကျသွားမည် သို့မဟုတ် ထုတ်လွှတ်ရာရောက်မည်ဖြစ်သည်။<br>• စွန့်ပစ်အရည်နှင့် အမှိုက်များကို လုပ်ငန်းခွင်မှ အချိန်နှင့်တစ်ပြေးညီ သိမ်းဆည်းစေရန်ဖြစ်သည်။ အမှိုက်စွန့်ပစ်မှု လုပ်ငန်းစဉ်သည် ဒေသန္တရ စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်းရှိ၊ မရှိ စစ်ဆေးပါ။<br>• အန္တရာယ်ရှိ ပစ္စည်းများ သိုလှောင်ထားရှိမှုလျှော့ချပါ။<br>• အန္တရာယ်ရှိပစ္စည်းများထည့်ထားသည့်လှောင်ကန်များ သို့မဟုတ် အိုးများ(vessels)အပေါ် ကြီးကြပ်ကွပ်ကဲမှုကို တိုးမြှင့်ပါ။ |
| **အထွေထွေ နှောင့်ယှက် ဟန့်တားမှု** | • ထိခိုက်မှုလျှော့ချခြင်းနှင့်ထိန်းချုပ်ခြင်းအားလုံးကို ဆောင်ရွက်ရန် ဘတ်ဂျက်တစ်ခု ချထားပေးပါ။<br>• ဤအခြေအနေတွင် သင်၏ဆောင်ရွက်မှုများသည် မည်သည့်အပိုင်းကိုကာမိကြောင်း၊ မည်သည့်အပိုင်းကို မကာမိကြောင်း တိတိကျကျ နားလည်သဘောပေါက်နိုင်ရေး သင်၏ မူဝါဒကို ပြန်လည်သုံးသပ်ရန် သင်၏ အာမခံအေးဂျင့်ကို ဆက်သွယ်ပါ။<br>• အပြောင်းအလဲမြန်ဆန်သော အခြေအနေကို လေ့လာဆန်းစစ်ရန်နှင့် လိုက်လျောညီထွေ ပြင်ဆင်ပြောင်းလဲရန် ဒေသန္တရ အာဏာပိုင်များကို ပုံမှန် ဆက်သွယ်ပါ။ |

## နောက်ဆက်တွဲ-၁။ COVID-19 ကာလ အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက် ရေးစီမံချက်တစ်ရပ် ရေးဆွဲရာ၌ လေ့လာနိုင်သော သတင်းအရင်းအမြစ်များနှင့် အသုံးဝင်သော အင်တာနက်လိပ်စာများ


NFPA 1600 Standard on Disaster/Emergency Management And Business Continuity/Continuity Of Operations Programs, 2016 Edition https://www.nfpa.org/codes-and-standards/all-codes-and-standards/list-of-codes-and-standards/detail?code=1600

EU OSHA COVID guidance for the workplace https://oshwiki.eu/wiki/COVID-19:_guidance_for_the_workplace#See

ISO 22320:2018 Security and resilience — Emergency management — Guidelines for incident management https://www.iso.org/standard/67851.html

US OSHA (2020) Preparing Workplace for Covid-19 https://www.osha.gov/Publications/OSHA3990.pdf

US OSHA (2020) Infectious Diseases Website https://www.osha.gov/SLTC/healthcarefacilities/infectious_diseases.html #cdc_guidelines

WHO getting your workplace ready for Covid-19 https://www.who.int/docs/default-source/coronaviruse/getting-workplaceready-for-covid-19.pdf



*© ၂၀၂၀ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေး ကော်ပိုရေးရှင်း။ ပိုင်ဆိုင်ခွင့်အပြည့်ရှိ။*

*မသက်ဆိုင်ကြောင်းရှင်းလင်းချက်။ ဤအကြံပြုစာတမ်းသည် COVID-19 ကပ်ရောဂါကို ရင်ဆိုင် ကျော်လွှားနိုင်ရန် IFC ၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရရှိထားသူများအား ကူညီရန် ရည်ရွယ်သည့်အကြံပြုချက်များ ပါဝင်သည်။ IFC ၏ထောက်ပံ့ဝန်ဆောင်မှုများကို ရရှိထားသူများသည် ကမ္ဘာ့ကျန်းမာရေး အဖွဲ့အစည်း (WHO) နှင့် အခြားသက်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာကျန်းမာရေးနှင့် ရောဂါထိန်းချုပ်ရေးအဖွဲ့အစည်းများ၏ COVID-19 နှင့်ဆိုင်သော သတင်းအချက်အလက်များ၊ အကြံပြုချက်များအပြင် ဒေသန္တရ၊ ပြည်နယ်တိုင်းနှင့် ပြည်ထောင်စုအဆင့် အစိုးရကျန်းမာရေးအာဏာပိုင်များထံမှ သတင်းအချက်အလက်များ ကိုလည်း ကိုးကားသင့်သည်။ ထိုသို့ကိုးကားရာတွင် ဖော်ပြပါအကြံပြုချက်များသည် အခြေအနေအချိန်အခါအလိုက် ပြောင်းလဲနိုင်သည်ကို မှတ်သားထားသင့်သည်။ IFC ၏ထောက်ပံ့ဝန်ဆောင်မှုများကို ရရှိထားသူများအနေနှင့် ယင်းတို့၏စီးပွားရေးလုပ်ငန်းကဏ္ဍများရှိ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများထံမှလည်း သက်ဆိုင်ရာ သတင်း အချက်အလက်များရရှိနိုင်သည်။ ဤအကြံပြုစာတမ်းကို ပြည့်စုံစေ့လုံလောက်စွာ ပြုစုရန် ရည်ရွယ်ထားခြင်းမဟုတ်ပါ။ ဤစာတမ်းသည် ကဏ္ဍအလိုက် အထူးလမ်းညွှန်ချက်များအစား အများနှင့်ဆိုင်သော ယေဘုယျအချက်များကိုသာ ဖော်ပြခြင်းဖြစ်သည်။ ထိုခိုက်ဆုံးရှုံးနိုင်ခြေမြင့်မား သော ကဏ္ဍများတွင် လုပ်ကိုင်ဆောင်ရွက်နေသည့် IFC ၏ထောက်ပံ့ဝန်ဆောင်မှုများကို ရရှိထားသူများသည် ကဏ္ဍအလိုက် သက်ဆိုင်ရာလုပ်ထုံးလုပ်နည်းများ နှင့်စံနှုန်းများကိုလည်း ကိုးကားသင့်သည်။*

*ဤအကြံပြုစာတမ်းပါ သတင်းအချက်အလက်များ၏ တိကျမှု၊ ပြည့်စုံလုံလောက်မှု၊ လတ်တလော အချက်အလက်ဖြစ်မှုတို့သေချာစေရန် သင့်တော်သောကြိုးပမ်းမှုများ ပြုလုပ်ထားသော်လည်းပဲ အခြေအနေများသည် အပြောင်းအလဲမြန်ဆန်နိုင်ပြီး လက်ရှိဖြစ်ပေါ် နေသည့်အခြေအနေများကို ထင်ဟပ်ခြင်းမရှိတော့ခြင်းလည်းဖြစ်နိုင်ကြောင်း မှတ်သားထားပါ။ IFC သည် ဤအကြံပြုစာတမ်းပါအချက်အလက်များ၏ တိကျမှု၊ ပြည့်စုံလုံလောက်မှု၊ လတ်တလော အချက်အလက်ဖြစ်မှုတို့ကို အခိုင်အမာအတည်ပြုခြင်း သို့မဟုတ် အာမခံခြင်းမပြုပါ။ IFC သည် ဤအကြံပြုစာတမ်းပါ အချက်အလက်များတွင် အမှားအယွင်းများ၊ ဖယ်ချန်ထားမှုများ သို့မဟုတ် လစ်ဟာမှုများ၊ အားနည်းမှုများအတွက် တာဝန်သိမည် သို့မဟုတ် တာဝန်ရှိမည်ဟူ၍လည်း မယူဆပါ။ ဤအကြံပြုစာတမ်းတွင်ဖော်ပြထားသော သတင်းအချက်အလက်များ၊ နည်းလမ်းများ၊ လုပ်ငန်းစဉ်များ၊ ကောက်ချက်ချမှုများနှင့် ချင့်ချိန်ဆုံးဖြတ်မှုများကို အသုံးပြုခြင်း သို့မဟုတ် ယုံကြည်အားထားခြင်းနှင့်စပ်လျဉ်း၍ တာဝန်သိမည် သို့မဟုတ် တာဝန်ရှိမည်ဟူ၍လည်း မယူဆပါ။ ဤအကြံပြုစာတမ်းပါစာရွက်စာတမ်းများသည် ဥပဒေဆိုင်ရာ၊ စီးပွားရေးလုပ်ငန်း ဆိုင်ရာ သို့မဟုတ် ဆေးပညာဆိုင်ရာ အကြံဉာဏ်တစ်ရပ် ဖြစ်ပေါ်စေရေး ဖွဲ့စည်းထုထောင် ပေးရန် မရည်ရွယ်ပါ။ IFC၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရရှိထားသူများ၏ ပညာရပ်ဆိုင်ရာ အကြံပေးများ၏ အထူးအကြံဉာဏ်များကို အစားထိုးရန် ဤအကြံပြုစာတမ်းကို ကိုးကားခြင်း သို့မဟုတ် အသုံးပြုခြင်းကို မပြုလုပ်သင့်ပါ။*

*ဖြန့်ဝေခြင်း။ အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) သည် ၎င်း၏ရေးသားဖော်ပြမှုများ ဖြန့်ဝေခြင်းကို အားပေး၍၊ စာဖတ်သူများသည် IFC ၏ ရေးသားဖော်ပြမှုများအပေါ် သင့်လျော်သောလေးစားမှုဖော်ပြ၍၊ မသက်ဆိုင်ကြောင်း ရှင်းလင်းချက်ပါ ထည့်သွင်းဖော်ပြလျှင်၊ ထိုစာရွက်စာတမ်းများကို ပညာရေးဆိုင်ရာနှင့် စီးပွားရေးမဆန်သောရည်ရွယ်ချက်များအတွက် မူပွားကူးယူခြင်းနှင့် ဖြန့်ဝေခြင်း ပြုလုပ်နိုင်ပါသည်။*



*IFC အကြောင်း နှင့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ (ESG) အလေ့အကျင့်များ တိုးတက်ရေးအတွက် လုပ်ဆောင်မှုများကို ပိုမိုလေ့လာသိရှိနိုင်ရန်အတွက် ဤတွင်လေ့လာရန် -* ifc.org/sustainability



*2121 Pennsylvania Avenue, N.W.*
*Washington D.C., 20433 USA*
*Internet: www.ifc.org*





IFC International Finance Corporation WORLD BANK GROUP
*Creating Markets, Creating Opportunities*